LESSON 15

# 猿(さる)の温泉(おんせん)までお願(ねが)いします

**Saru no onsen made onegai-shimasu**

မျောက်ရေပူစမ်းအထိ ပို့ပေးပါ။



## ဒီနေ့အတွက် ဇာတ်ဝင်ခန်း

| | | |
|---|---|---|
| 運転手(うんてんしゅ)： တက္ကစီဒရိုင်ဘာ | どちらまで？<br>Doꜜchira maꜜde? | ဘယ်အထိပါလဲ။ |
| ミーヤー： မီးယာ | 猿(さる)の温泉(おんせん)までお願(ねが)いします。<br>Saꜜru no onsen maꜜde onegai-shimaꜜsu. | မျောက်ရေပူစမ်းအထိ ပို့ပေးပါရှင်။ |
| 運転手(うんてんしゅ)： တက္ကစီဒရိုင်ဘာ | はい、わかりました。<br>Haꜜi, wakarimaꜜshita. | ဟုတ်ကဲ့။ သိပါပြီ။ |
| | こちらは初(はじ)めてですか。<br>Kochira wa hajiꜜmete deꜜsu ka. | ဒီနေရာကို ပထမဆုံး ရောက်ဖူးတာလား။ |
| ミーヤー： မီးယာ | はい、初(はじ)めてです。<br>Haꜜi, hajiꜜmete deꜜsu. | ဟုတ်ကဲ့။ ပထမဆုံးပါ။ |
| | 猿(さる)の写真(しゃしん)を撮(と)りに行(い)きます。<br>Saꜜru no shashin o toꜜri ni ikimaꜜsu. | မျောက်တွေကို ဓာတ်ပုံ ရိုက်ဖို့ သွားမှာပါ။ |
| 運転手(うんてんしゅ)： တက္ကစီဒရိုင်ဘာ | そうですか。<br>Soꜜo deꜜsu ka. | ဒီလိုလား။ |
| | 今日(きょう)は寒(さむ)いから、<br>Kyoꜜo wa samuꜜi kara,<br>猿(さる)がたくさん温泉(おんせん)に入(はい)ってますよ。<br>saꜜru ga takusan onsen ni haꜜitte maꜜsu yo. | ဒီနေ့ အေးတယ်ဆိုတော့ မျောက်တွေ အများကြီး ရေပူစမ်းစိမ်နေကြပါလိမ့်မယ်။ |

### ဝေါဟာရ

| | | |
|---|---|---|
| どちら ဘယ်/ဘယ်နေရာ<br>doꜜchira | 猿(さる) မျောက်<br>saꜜru | 温泉(おんせん) ရေပူစမ်း<br>onsen |
| お願(ねが)いする တောင်းဆိုမှုပြုတယ်<br>onegai-suru | 初(はじ)めて ပထမဆုံး<br>hajiꜜmete | 寒(さむ)い အေးတဲ့<br>samuꜜi |

 ©NHK WORLD-JAPAN 

အဓိက အသုံးအနှုန်း

| Can-do! | တက္ကစီဒရိုင်ဘာကို သွားမယ့်နေရာကို ပြောနိုင်တယ် |
|---|---|

# 猿の温泉までお願いします。

**Saˈru no onsen maˈde onegai-shimaˈsu.**

မျောက်ရေပူစမ်းအထိ ပို့ပေးပါ။

တက္ကစီဒရိုင်ဘာကို သွားမယ့်နေရာကို ပြောတဲ့အခါ “[နေရာ] made onegai-shimasu” လို့ ပြောရပါတယ်။ “made” ဆိုတာ “ကို/အထိ” လို့ အဓိပ္ပာယ်ရပြီး ဆိုက်ရောက်ရာကို ဖော်ပြတဲ့ ဝိဘတ်ဖြစ်ပါတယ်။ “onegai-shimasu” ဆိုတာ “onegai-suru” “တောင်းဆိုမှု ပြုတယ်” ဆိုတဲ့ ကြိယာရဲ့ MASU-ပုံစံ ဖြစ်ပြီး တောင်းဆိုတဲ့အခါမှာ သုံးပါတယ်။ (ဆက်စပ်တိုးပွား စကားလုံးများ ကို ကြည့်ပါ)

သုံးကြည့်ကြရအောင်

どちらまでですか。

Doˈchira maˈde deˈsu ka.

空港までお願いします。

Kuukoo maˈde onegai-shimaˈsu.

ဘယ်အထိပါလဲခင်ဗျာ။

လေဆိပ်အထိ ပို့ပေးပါခင်ဗျာ။



ကြိုးစားကြည့်ရအောင်

**～までお願いします。** XXX အထိ ပို့ပေးပါ။

～maˈde onegai-shimaˈsu

① **東京スカイツリー**

Tookyoo Sukai-tsuriˈi

တိုကျိုစကိုင်းထရီး



② **このホテル**

kono hoˈteru

ဒီဟိုတယ်



ဆက်စပ်တိုးပွား စကားလုံးများ

“Onegai-shimasu” သုံးစွဲနည်း

| | |
|---|---|
| Chekku-aˈuto, onegai-shimaˈsu. | Check out လုပ်ပေးပါ။ |
| Koohiˈi, onegai-shimaˈsu. | ကော်ဖီ ပေးပါ။ |
| Okaikee, onegai-shimaˈsu. | ကျသင့်ငွေ တွက်ပေးပါ။ |



ဟာ့ရူစံရဲ့ ဗဟုသုတ ဟင်းလေးအိုး

# ဂျပန်က တက္ကစီ

လေဆိပ်၊ ဘူတာ၊ ဟိုတယ်၊ လည်ပတ်စရာနေရာတွေမှာ အများအားဖြင့် တက္ကစီဂိတ်တွေ ရှိပါတယ်။ ကားနောက်တံခါးက ခလုပ်နှိပ်ရုံနဲ့ အလိုအလျောက် ဖွင့်လို့ပိတ်လို့ရတဲ့ တံခါးဖြစ်ပြီး ဒရိုင်ဘာက အဖွင့်အပိတ် လုပ်ပါတယ်။ ဂျပန်မှာ တက္ကစီခကျသင့်ငွေကို မီတာစက်မှာ ပြပါတယ်။ ဘောက်ဆူးလည်း ပေးစရာ မလိုပါဘူး။




©Nihon Kotsu



©Daiichi Koutsu Sangyo

တက္ကစီပေါ်မှာ ခရီးသည်မပါတဲ့အခါ ဒတ်ရှ်ဘုတ်ပေါ်မှာ “အားတယ်” လို့ အဓိပ္ပာယ်ရတဲ့ ခန်းဂျီးနဲ့ ဖော်ပြပါတယ်။ ညဘက်ဆိုရင် ကားခေါင်မိုးပေါ်က မီးလင်းနေရင် ကားအားတယ် ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

“ကားအားတယ်” ဆိုတာပြတဲ့ သင်္ကေတ




©Nikko




©Nihon Kotsu

အဖြေ

① 東京(とうきょう)スカイツリーまでお願(ねが)いします。 Tookyoo Sukai-tsuriꜜi maꜜde onegai-shimaꜜsu.

② このホテルまでお願(ねが)いします。 Kono hoꜜteru maꜜde onegai-shimaꜜsu.